# ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။ *

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]

(၁၉၅၉ ခုနှစ်၊ မတ်လ ၁၇ ရက်။)

[ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ရန် အက်ဥပဒေ။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ထပ်တစ်ကြိမ်ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည့်နေ့ရက်၏ နောက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄ ၏ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၈၃ ၏ ပုဒ်မခွဲ (၁) တို့ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်။
(၁၉၅၉ ခုနှစ်၊ မတ်လ ၁၇ ရက်။)

အမိန့်အရ၊

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်၊

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ မတ်လ (၂၈) ရက်၊ စာမျက်နှာ - ၅၆၀။